京都光華大学
京都光華大学大学院／京都光華大学短期大学部

きょうと こうか だいがく　　きょうと こうか だいがく たんき だいがくぶ
京都光華大学・京都光華大学短期大学部





ကျိုတိုကိုးက တက္ကသိုလ်
ကျိုတိုကိုးကကာလတိုတက္ကသိုလ်

# နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူ ကျောင်းဝင်ခွင့် လမ်းညွှန်

外国人学生 入学ガイド

## လူသားတို့၏ "ကျန်းမာရေး" နှင့် "အနာဂတ်" ကို ဖန်တီးပံ့ပိုးပေးသော ဘာသာရပ်စုံတက္ကသိုလ်


ကျိုတိုကိုးက တက္ကသိုလ်သည် ယခုအချိန်အထိ ၈၅ နှစ်ကျော်တိုင်အောင် ဗုဒ္ဓဘာသာ စိတ်ဓာတ် အခြေခံသော ပညာရေးကို သင်ကြားပေးခဲ့ပါသည်။ အလေးအနက် တန်ဖိုးထားသောကျောင်းဆောင်ပုဒ်မှာ "စစ်မှန်သော စိတ်ထား" ၊တနည်းအားဖြင့် အခြားသူအပေါ် စာနာထောက်ထားတတ်သော စိတ်နှလုံးနှင့် အနီးကပ် နားလည်ဖေးမပေးသော စိတ်ထားပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဤခံယူချက်အားဖြင့် လူသားအားလုံး ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည့် "Well-Being" အနာဂတ်ကို အကောင်အထည်ဖော်ရန် ရည်မှန်းပြီး၊ ကျောင်းသားတစ်ဦးချင်းစီအပေါ်တွင် သော်လည်းကောင်း၊ ဒေသလူထုအပေါ်တွင် သော်လည်းကောင်း အနီးကပ် နားလည်ဖေးမပေးသည့် ပညာရေးကို လက်တွေ့ဖော်ဆောင်နေပါသည်။

မြန်မာဘာသာဗားရှင်း

## 1 အပြည့်အဝ နွေးထွေးစွာ ပံ့ပိုးကူညီမှု 手厚いサポート

နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူတစ်ဦးချင်းစီအတွက် အတန်းအကြံပေးသူနှင့် နိုင်ငံတကာ ဖလှယ်ရေးစင်တာ ဝန်ထမ်းများ စသည်ဖြင့် လူ (၇) ဦးပါဝင်သော အဖွဲ့အစည်းဖြင့် ပညာရေးနှင့် နေထိုင်မှုဘဝကို ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါသည်။ ဂျပန်စာ သင်ယူမှုဆိုင်ရာ ပံ့ပိုးကူညီမှုအတွက် ပုံမှန်သင်ခန်းစာများ ဖြစ်သည့် ""ဂျပန်နိုင်ငံ အကြောင်းအရာများ""၊ ""စီးပွားရေးသုံး ဂျပန်စာ"" စသည်တို့အပြင်၊ ပြင်ပလှုပ်ရှားမှု တစ်ခုအနေဖြင့် စီနီယာများ၏""ဂျပန်ဘာသာ သင်ယူမှု အချင်းချင်းကူညီပံ့ပိုးသူများ""က ပညာသင်ကြားရေးဆိုင်ရာ ပံ့ပိုးကူညီမှုပေးသည့် ""ဂျပန်စာ လေ့လာသူများအဖွဲ့"" လည်း ရှိပါသည်။ ထို့အပြင် အလုပ်အကိုင်ရှာဖွေရေး ပံ့ပိုးမှုဌာနမှ ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် တစ်ဦးချင်း လမ်းညွှန်သင်ပြမှုများကို သေချာဂရုစိုက်ဆောင်ရွက်ပေးနေပါသည်။

外国人学生一人ひとりに対し、クラスアドバイザーや国際交流センタースタッフなど、7名体制で学びや生活をサポートします。日本語支援としては、正規授業「日本事情」「ビジネス日本語」等に加えて、課外活動として、上級生の「日本語ピアサポーター」が学習支援を行う「日本語コミュニティ」があります。また、就職支援センターが日本での就職支援や個別指導を丁寧に行っています。






ဂျပန်စာ လေ့လာသူများအဖွဲ့

日本語コミュニティ

## 2 ဂျပန်ရိုးရာယဉ်ကျေးမှုနှင့် ပတ်သက်သော သင်ယူလေ့လာမှုများ 日本の伝統文化に関わる学び

ဤတက္ကသိုလ်တွင် ဂျပန်ရိုးရာယဉ်ကျေးမှုကို မဖြစ်မနေ သင်ယူရပါမည်။ ယဉ်ကျေးပျူငှာမှုဆိုင်ရာ ကျင့်ဝတ်များ၊ ပန်းအလှပြင်ခြင်း၊ လက်ဖက်ရည်အနုပညာနှင့် စုတ်တံစာရေးပညာ စသည်တို့၏ ဆွဲဆောင်မှုနှင့် နည်းစနစ်များကို လက်တွေ့ကိုယ်တိုင် သင်ယူခြင်းဖြင့် နားလည်မှုကို ပိုမိုနက်ရှိုင်းစေမည် ဖြစ်ပါသည်။ ကီမိုနိုဝတ်ဆင်ခြင်း ကဲ့သို့သော ရိုးရာယဉ်ကျေးမှုဆိုင်ရာ အသင်းအဖွဲ့ များစွာလည်း ရှိပါသည်။



本学では必修で日本の伝統文化を学びます。礼法、華道、茶道、書道などの魅力と技法を体験的に学び、理解を深めます。着付けなどの伝統文化のサークルも充実しています。

## 3 နိုင်ငံတကာ ဖလှယ်ရေးနှင့် စေတနာ့ဝန်ထမ်း လုပ်ဆောင်ရန် အခွင့်အလမ်းများစွာ ရှိခြင်း 豊富な国際交流・ボランティアの機会

ကျွန်ုပ်တို့ တက္ကသိုလ်တွင် နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူအချင်းချင်း သော်လည်းကောင်း၊ ဂျပန်ကျောင်းသားများနှင့် သော်လည်းကောင်း ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် မိတ်ဆွေသူငယ်ချင်းများ ရရှိအောင် ကူညီပေးနိုင်ရန်အတွက် "နိုင်ငံတကာ ဖလှယ်ရေး ဆုံဆည်းမှု" ကဲ့သို့သော အစီအစဉ်များကို ပုံမှန် ကျင်းပပြုလုပ်ပေးနေပါသည်။

本学では、外国人学生同士や日本人学生との交流を深め、友だち作りをサポートするために、「国際交流のつどい」などの交流イベントを定期的に開催しています。



ကျောင်းပြင်ပလှုပ်ရှားမှုများမှာလည်း အလွန်တက်ကြွပြီး၊ အသင်းအဖွဲ့ လှုပ်ရှားမှုများအပြင် ဤတက္ကသိုလ်၏ သီးသန့် လေ့လာရေးအဖွဲ့ဖြစ်သော "ManaBooo (Manabū)" သည်လည်း လူကြိုက်များပါသည်။ ဆရာ၊ ဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုဖြင့် ဝါသနာတူ သူငယ်ချင်းများနှင့် ဆုံတွေ့နိုင်ပြီး အတူတကွ လေ့လာသင်ယူနိုင်ပါသည်။

課外活動も盛んで、サークル活動に加えて、本学独自の学習グループ「学Booo（まなぶー）」も人気です。教職員のサポートのもと、同じ興味を持つ仲間と出会い、一緒に学ぶことができます。

ကျိုတိုဒေသခံ လူမှုအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံနိုင်မည့် စေတနာ့ဝန်ထမ်း အခွင့်အလမ်းများစွာလည်း ရှိပါသည်။ နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူအများအပြားသည် "ကိုးက ချိတ်ဆက်ဆောင်ရွက်ရေးအသင်း" တွင် ပါဝင်ပြီး၊ ကလေးများအတွက်စားသောက်ဆိုင်နှင့် ကျိုတိုမာရသွန် ကဲ့သို့သော ပွဲများတွင် ဒေသခံများနှင့် ရင်းနှီးစွာ ထိတွေ့ဆက်ဆံလျက် ရှိပါသည်။

京都の地域社会とつながるボランティアの機会も豊富です。多くの外国人学生が「光華リエゾンクラブ」に参加し、子ども食堂や京都マラソンなどのイベントで地域の人々と交流を深めています。

ManaBooo
(Manabū)

လုပ်ဆောင်ခဲ့သည့် အောင်မြင်မှု မှတ်တမ်းများ




နိုင်ငံတကာ ဖလှယ်ရေး အသင်း ～အနာဂတ် တံတား～



ဂျပန်ရိုးရာအလှတရားနှင့် ဂျပန်အနုပညာဆိုင်ရာ သုတေသနအဖွဲ့



အရက်ချက်လုပ်ခြင်းနှင့် လူမှုဆက်ဆံရေး ချိတ်ဆက်မှု





# မဟာဌာန၊ ဘာသာရပ်ဆိုင်ရာဌာန၊ ဘွဲ့လွန်သင်တန်းနှင့် အထူးပြုဘာသာရပ်　学部・学科・大学院・専攻科

## တက္ကသိုလ်　大学

### သူနာပြု၊ လူမှုဖူလုံရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ဌာန　看護福祉リハビリテーション学部

#### လူမှုဖူလုံရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ဘာသာရပ်ဌာန　福祉リハビリテーション学科

**လုပ်ငန်းခွင်ကုထုံး အထူးပြုဘာသာရပ်**　作業療法専攻

နေ့စဉ်ဘဝနှင့် အလုပ်အကိုင် စသည်တို့တွင် ကြုံတွေ့ရသော အခက်အခဲများကို ကူညီပံ့ပိုးပေးမည့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သော လုပ်ငန်းခွင်ကုထုံးပညာရှင်တစ်ဦး ဖြစ်ရန် ရည်မှန်းချက်ထားရှိခြင်း

日常生活や仕事などの困難を支援するリハビリ専門職、作業療法士を目指す

**စကားပြောနှင့် အကြားအာရုံကုထုံး အထူးပြုဘာသာရပ်**　言語聴覚専攻

စကားပြောခြင်း၊ နားထောင်ခြင်းနှင့် စားသောက်ခြင်းဆိုင်ရာ လုပ်ဆောင်ချက် အခက်အခဲများကို ကူညီပံ့ပိုးပေးမည့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သော စကားပြောနှင့် အကြားအာရုံကုထုံးပညာရှင် တစ်ဦးဖြစ်ရန် ရည်မှန်းချက်ထားရှိခြင်း

話す・聞く・食べる機能の困難を支援するリハビリ専門職、言語聴覚士を目指す

**သူနာပြုဘာသာရပ်ဌာန**
看護学科

မြင့်မားသော ကျွမ်းကျင်မှုနှင့် ပြည့်ဝသော လူသားဆန်မှုတို့ဖြင့် လူသားတို့၏ သာယာပျော်ရွှင်သော လူနေမှုဘဝကို ပံ့ပိုးကူညီပေးမည့် သူနာပြုတစ်ဦးဖြစ်ရန် ရည်မှန်းချက်ထားရှိခြင်း
高い専門性と豊かな人間性で人々の幸福な暮らしを支える看護師を目指す

### ကျန်းမာရေးသိပ္ပံဌာန　健康科学部

#### ကျန်းမာရေးနှင့် အာဟာရဗေဒ ဘာသာရပ်ဌာန　健康栄養学科

**အာဟာရစီမံခန့်ခွဲမှုဆိုင်ရာ အထူးပြုဘာသာရပ်**　管理栄養士専攻

လူတစ်ဦးချင်းစီ၏ လိုအပ်ချက်များကို နားလည်ကာ အစားအသောက်မှတစ်ဆင့် ကျန်းမာရေးကို ပံ့ပိုးကူညီပေးမည့် အာဟာရစီမံခန့်ခွဲမှုပညာရှင် တစ်ဦးဖြစ်ရန် ရည်မှန်းချက်ထားရှိခြင်း

一人ひとりに寄り添い食で健康を支える管理栄養士を目指す

**ကျန်းမာရေးနှင့် အားကစားအာဟာရဗေဒ အထူးပြုဘာသာရပ်**　健康スポーツ栄養専攻

အားကစားနှင့် အာဟာရ နှစ်ဖက်စလုံးမှနေ၍ လူသားတို့၏ ကျန်းမာရေးကို စနစ်တကျ စီမံခန့်ခွဲပေးခြင်း

スポーツ・栄養の両面から人々の健康をマネジメントする

**စိတ်ပညာဘာသာရပ်ဌာန**
心理学科

ကျွမ်းကျင်ပညာရှင်အလုပ်များမှသည် အထွေထွေကုမ္ပဏီများအထိ၊ ဘွဲ့ရရှိပြီးနောက် လုပ်ငန်းခွင်အတွင်း လက်တွေ့အသုံးချနိုင်မည့် စိတ်ပညာကို လေ့လာသင်ယူခြင်း
専門職から一般企業まで、卒業後の仕事に生きる心理学を学ぶ

### လူမှုဗေဒဌာန　社会学部

**လူမှုအသိုက်အဝန်း ပူးပေါင်းဖန်တီးမှု ဘာသာရပ်ဌာန**
社会共創学科

လူမှုဗေဒ၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်နည်းပညာ စသည့် ဘာသာရပ်များကို ဘက်စုံလေ့လာသင်ယူပြီး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိမှုတွင် အားသာချက်ရှိခြင်း
社会学、観光、文化、経営、IT等を総合的に学び、就職に強い

### ကလေးပညာရေးဌာန　こども教育学部

**ကလေးပညာရေးဘာသာရပ်ဌာန**　こども教育学科
မူကြိုပညာရေး သင်တန်းအစီအစဉ်　幼児教育コース
မူလတန်းပညာရေး သင်တန်းအစီအစဉ်　初等教育コース

ဂျပန်နိုင်ငံ၏ ပညာရေးစနစ်ကို လေ့လာသင်ယူပြီး၊ မူကြို၊ ကလေးထိန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် ဆရာ/မ တစ်ဦးဖြစ်လာရန် ရည်မှန်းချက်ထားရှိခြင်း
日本の教育を学び、幼稚園・保育園・小学校の教員を目指す

## ကာလတိုတက္ကသိုလ်　短期大学部

**သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ ဘာသာရပ်ဌာန (၃ နှစ်သင်)**　歯科衛生学科（3年制）

သွားပိုးစားခြင်းနှင့် သွားဖုံးရောဂါများကို ကာကွယ်ပြီး၊ ခံတွင်းကျန်းမာရေးကို ထိန်းသိမ်းပေးမည့် သွားနှင့်ခံတွင်းပညာရှင် တစ်ဦးဖြစ်လာရန် ရည်မှန်းချက်ထားရှိခြင်း
むし歯や歯周病を予防し、口の健康を保つ歯科衛生士を目指す


**ဘဝနေထိုင်မှုပုံစံ ဖန်တီးမှုဘာသာရပ်ဌာန (၂ နှစ်သင်)**
ライフデザイン学科（2年制）

ဒီဇိုင်း၊ ခရီးသွားလုပ်ငန်း၊ စီးပွားရေးနှင့် အစားအသောက်ဆိုင်ရာ ပညာရပ်များကို ဘက်စုံလေ့လာသင်ယူပြီး၊ အခွင့်အလမ်း ရရှိမှုတွင် အားသာချက်ရှိခြင်း
デザイン、観光、ビジネス、フード等を総合的に学び、就職に強い

## ကာလတိုတက္ကသိုလ် - အထူးပြုဘာသာရပ်　短期大学部専攻科

**သွားနှင့်ခံတွင်း သန့်ရှင်းရေးပညာ အထူးပြုသင်တန်း (၁ နှစ်သင်)**

၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်
(တည်ထောင်ဖွင့်လှစ်ရန် စီစဉ်နေဆဲ)
歯科衛生学専攻[1年課程]　2027年度開設（設置構想中）



## ဘွဲ့လွန်တက္ကသိုလ်　大学院

**ဘွဲ့လွန်တက္ကသိုလ် သူနာပြုပညာ သုတေသနဌာန သူနာပြုပညာ အထူးပြု (မဟာတန်း)**
看護学研究科　看護学専攻[修士課程]

**ဘွဲ့လွန်တက္ကသိုလ် စိတ်ပညာသုတေသနဌာန လက်တွေ့စိတ်ပညာ အထူးပြု (မဟာတန်း)**
心理学研究科　臨床心理学専攻[修士課程]

## အထူးပြုဘာသာရပ်　専攻科

**သားဖွားပညာ အထူးပြုဘာသာရပ် (၁ နှစ်သင်)**
助産学専攻科[1年課程]

ဌာနခွဲတစ်ခုချင်းစီနှင့် ဘွဲ့လွန်တက္ကသိုလ်များ၏ အသေးစိတ်အချက်အလက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်
各学科・大学院等の詳しい情報はこちら

※ဘွဲ့လွန်တက္ကသိုလ် နှင့် အထူးပြုဘာသာရပ်တို့တွင် နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူများအတွက် သီးသန့်ဝင်ခွင့်စာမေးပွဲ ကျင်းပပြုလုပ်ခြင်း မရှိပါ။
※大学院と専攻科では外国人学生入試を実施していません。

## လက်ရှိတက်ရောက်နေသော ကျောင်းသား/သူများ၏စကားသံများ 在学生の声



● လူမှုအသိုက်အဝန်း ပူးပေါင်းဖန်တီးမှု ဘာသာရပ်ဌာန

အမည် မခိုင် (မြန်မာပြည်ဖွား)

社会共創学科

氏名：カインさん（ミャンマー出身）

フェアや先生の紹介で本学を知り、社会共創学科に魅力を感じて進学しました。日本語コミュニティなどの外国人学生向け支援や日本人の先輩のサポートで大学生活や授業がスムーズになり、一人ひとりをよく見てくれるとても良い大学だと感じています。

ပညာရေးပြပွဲတွေနဲ့ ဆရာမရဲ့ မိတ်ဆက်ပေးမှုကတစ်ဆင့် ဒီတက္ကသိုလ်ကို သိရှိခဲ့တာပါ။ လူမှုအသိုက်အဝန်း ပူးပေါင်းဖန်တီးမှု ဘာသာရပ်ဌာနရဲ့ ဆွဲဆောင်မှုကို ခံစားမိတာကြောင့် ဒီကျောင်းကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ဂျပန်စာ လေ့လာသူများအဖွဲ့ လိုမျိုး နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူတွေအတွက် ပံ့ပိုးကူညီမှုတွေအပြင်၊ ဂျပန်စီနီယာတွေရဲ့ ကူညီပေးမှုတွေကြောင့် ကျောင်းသားဘဝနဲ့ စာသင်ခန်းထဲက သင်ခန်းစာတွေမှာ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ ကျောင်းသားတစ်ဦးချင်းစီကို သေသေချာချာ ဂရုစိုက်ကြည့်ရှုပေးတဲ့ အလွန်ကောင်းမွန်တဲ့ တက္ကသိုလ်တစ်ခုလို့ ခံစားရပါတယ်။

## နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူများအတွက် ဝင်ခွင့်စာမေးပွဲ အကျဉ်းချုပ် 外国人学生　入試概要

ကျောင်းလျှောက်ထားခြင်းဆိုင်ရာ အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ဤနေရာတွင် စစ်ဆေးကြည့်ရှုပေးပါ။


出願手続きの詳細は、こちらをご確認ください

ကျောင်းလခ၊ ပညာသင်ဆုနှင့် ဘာသာရပ်အသီးသီး၏ အသေးစိတ်အချက်အလက်များကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်

学費・奨学金・各学科の詳細はこちら

နိုင်ငံခြားသား ကျောင်းသား/ကျောင်းသူ ကျောင်းဝင်ခွင့် လမ်းညွှန်

外国人学生入学ガイド




ကျိုတိုကိုးက တက္ကသိုလ်ဟာ သွားလာရေး အလွန်အဆင်ပြေတဲ့ နေရာမှာ တည်ရှိပြီး၊ ကျိုတို ၊အိုဆာကာ ၊ နာရ နဲ့ ရှိဂါ တို့လို အနီးနားပတ်ဝန်းကျင် ပြည်နယ်တွေကနေလည်း လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်ပါတယ်! ကျိုတိုမြို့လယ်ကို (၁၅) မိနစ်ခန့်အတွင်း သွားရောက်နိုင်ပြီး၊ အပန်းဖြေလည်ပတ်ခြင်းနှင့် စျေးဝယ်ခြင်း တို့အတွက် အလွန်အဆင်ပြေပါတယ်။

京都光華大学は、交通アクセスのよい立地で、京都・大阪・奈良・滋賀からも好アクセス！京都市街地へは約15分で、観光やショッピングに便利です。


## ကျိုတိုကိုးက အမျိုးသမီး တက္ကသိုလ် နိုင်ငံတကာ ဖလှယ်ရေး စင်တာ

京都光華大学 国際交流センター

〒615-0882 京都市右京区西京極葛野町38

*International Center, Kyoto Koka University*

*38, Nishikyogoku Kadonocho, Ukyo-ku,*

*Kyoto-shi, Kyoto-fu, 615-0882, Japan*

☎ +81 (0)75-325-5304

+81 (0)75-314-4515

kj@mail.koka.ac.jp


ပင်မစာမျက်နှာ　LINE　Instagram　Facebook